ရေလဲကြီးကျေးရွာ

ပန်းတနော်မြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

(၂၀၂၆-၂၀၃၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ပိတောက်စုကျေးရွာ၊ပန်းတနော်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ရေလဲကြီးကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြကွဒိန်ပုံ၊ အဖွဲ့အစည်းပြပုံ၊ ပန်းတနော်မြို့	၃
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၆
၂။	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၆
၃။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၄။	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၇
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	၁၀
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	၁၁
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁
၉။	ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၂
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၈

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း
နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရေလဲကြီး ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနများနှင့် အတူတကွချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်း များသည် ဆက်လက်လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်ပြီးစီးမှု၊ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစား

ပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ်မူတည်၍ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအားထုတ်မှု အခြေ အနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဓာတ် စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၆ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ရေလဲကြီးကျေးရွာ
ပန်းတနော်မြို့နယ်


ရေလဲကြီးကျေးရွာ၊ သယံဇာတပြန်လည်ပြုပြင်ရေးပုံ၊ပန်းတနော်မြို့နယ်



ရေလဲကြီးကျေးရွာ ၊ ရာသီခွင်ပြ ပြကွဒိန်



ဝဲဒေါင့်ကျေးရွာအုပ်စု၊ ရေလဲကြီးကျေးရွာ၏
ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများ တည်ရှိမှုပုံစံပြ(**Venn Diagram**)



အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ
ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု-ဝဲဒေါင့် ကျေးရွာ- ရေလဲကြီး

- ရေလဲကြီးကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ လမ်းကော်မတီအဖွဲ့တို့ ဖွဲ့စည်းထားပါသည်။
- ရေလဲကြီးကျေးရွာပြင်ပတွင် ဖွဲ့စည်းထားသောအဖွဲ့များမှာ ကျေးလက်ဦးစီးဌာနဖြင့် ချိတ်ဆက်ဖွဲ့စည်းထားပါ သည်။
- ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့များသည် အဖွဲ့အစည်းများတွင် အဓိကဦးဆောင်ပါဝင်ကြသည်။
- အုပ်ချုပ်ရေးအဖွဲ့သည် လမ်းများ၊ တံတားများ၊ မီးလင်းရေး၊ ရေပေးဝေရေးလုပ်ငန်းများအား ကျေးလက်ဦးစီးဌာန၊သက်ဆိုင်ရာဌာနများဖြင့်ဆက်သွယ်ဆောင်ရွက်ပေးသည်။

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်း ဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇) မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ် လျက်ရှိပါသည်။

ရေလဲကြီးကျေးရွာသည် ပထဝီဝင်အနေအထားအရမြေပြန့်ဒေသဖြစ်ပါသည်။ ဝဲဒေါင့် ကျေးရွာအုပ်စုတွင်ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့်(၉)မိုင်ကွာဝေးပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ ရွာကလေးကျေးရွာ၊ နဲဟထုံး(မြောက်)ကျေးရွာနှင့် အုန်းပင်စုကျေးရွာတို့ ဖြစ်ပါသည်။ ရေလဲကြီးကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြား လုပ်ငန်းများကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသော ဒေသ ဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် ၂၉.၂၂°C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇°C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

ရေလဲကြီးကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်၊ လောက်သေ၊ ပွေးကိုင်၊ ဆင်တုံးမန္တယ်၊ ကုန်းဗေဒါ၊ ကြိတ်မှန်ရွက်၊ ဆင်တုံးမန္တယ်နှင့် ကုလားပင်စိမ်း စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက်အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက် သည့်ဒေသတစ်ခုလည်း ဖြစ်ပါသည်။ တောင်သူအများစုမှာ တွင်းရေကိုအသုံးပြုကာ လယ်မြေ၊က(၁၆၀)၊ကကိုရေသွင်း စိုက်ပျိုးကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၇)ဦး၊ လူငယ်အဖွဲ့(ကျား-၈၊မ-၄)ဦး၊ လမ်းကော်မတီ(ကျား-၄၊မ-၃)၊ ဂေါပကအဖွဲ့(ကျား-၉)၊ ကျန်းမာရေးအဖွဲ့ (ကျား-၅၊ မ-၁၅)၊ ပရဟိတအဖွဲ့တွင် (ကျား-၅၊ မ-၅)တို့သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ် ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောဦးစားပေး လုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၄။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ရေလဲကြီးကျေးရွာတွင် ၂.၅ ဧကအောက်ဆင်းရဲသားတောင်သူ(၂၆)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧက ကြားရှိ တောင်သူငယ်(၂၇)အိမ်ထောင်စု၊ ၅ဧကမှ၁၂.၅ဧကကြားရှိ တောင်သူလတ်(၂) အိမ်ထောင်စု စသည်တို့ရှိကြသည်။ အဓိအားဖြင့် စပါး၊ ငရုတ်နှင့်ပဲများ အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများအများဆုံးဖြစ်ပြီး (၃၉)အိမ်ထောင်စုရှိကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေးမှာ ချောင်းရေကိုအဓိကအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းကြပြီး ချောင်းရေနှင့်ဝေးကွာသည့်လယ်မြေကောများတွင် အဝီစိတွင်းရေကို အသုံးပြုပြီးစိုက်ပျိုးရေးလုပ်ကိုင်ကြပါသည်။။။ ကျေးရွာရှိစိုက်ပျိုးတောင်သူများတွင်တစ်ဦးချင်းပိုင် ထွန်စက်(၄)လုံး၊ ရေစုပ်စက်(၁၀)လုံးနှင့် မြက်ရိတ်စက်(၅)လုံးရှိပြီး စိုက်ပျိုးရေးအတွက်အဆင်ပြေပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့်ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း အိမ်မဲမြို့မစျေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်ဖြစ်စေ၊ ကုန်သည်ပွဲစားများမှဖြစ်စေရောင်းချနိုင်ကြပါသည်။ မိုးတွင်းကာလတွင်ကျေးရွာတွင်းလမ်းကောင်းမွန်မှုမရှိခြင်းကြောင့် သွားလာရခက်ခဲပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ကြက်မွေးမြူထားသည့် အိမ်ထောင်စု(၆)အိမ်ရှိပြီးကြက်ကောင်ရေ(၆၅) ကောင် ၊ဝက်မွေးမြူသည့်အိမ်ထောင်စု(၅)စု ၊ကောင်ရေ(၁၀)ကောင် ၊ဘဲမွေးမြူထားသည့် အိမ်ထောင်စု(၄) အိမ်ရှိပြီး ဘဲကောင်ရေ(၄၀)ကောင်စသည်ဖြင့်တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သတ်သည့် နည်းပညာများမရှိသဖြင့် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှုအနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့်အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ရေလဲကြီးကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများမှာ ဆောက်လုပ်ရေး၊ပန်းရံ၊လက်သမားနှင့်ကျပန်းလုပ်ကိုင် ကြသူများအစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာ လယ်စာရင်းဌား၊ ပန်းရံ-လက်သမား အလုပ်သမားများအဖြစ်သွားရောက်လုပ်ကိုင်ကြသည်။တစ်နေ့လျှင် လုပ်အားခကျား(၂၀၀၀၀) ကျပ်၊ မ (၁၅၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုပေါင်း (၅၅) စုသည် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသောမိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စားစီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သောအတတ်ပညာများ ကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ငွေချေးရန်အရင်းအမြစ်မှာ ယခင်ကကျေးရွာတွင် ပုဂ္ဂလိကချေးငွေဝန်ဆောင်သည့် အဖွဲ့များမှ ချေးယူခဲ့သော်လည်း ယခုအခါ အဆိုပါပုဂ္ဂလိကချေးငွေအဖွဲ့များထံမှ ချေးငွေရယူခြင်းမရှိတော့ပါ။ အချို့အိမ်ထောင်စုများမှာ မိတ်ဆွေနှင့်ဆွေမျိုးများထံမှချေးယူကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ရေလဲကြီးကျေးရွာသည် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ ကားလမ်းမကြီး နံဘေးတွင် တည်ရှိသောကြောင့် ကျေးရွာ၏သယ်ယူပို့ဆောင်ရေးအခြေအနေမှာ တစ်နှစ်ပတ်လုံး ကုန်းလမ်းကိုသာအသုံးပြုနိုင်ပြီး ရေလမ်းအသုံးပြုခြင်းမရှိပါ။ အသုံးပြုသောယာဉ်များမှာ စက်ဘီး(၄၈)စီး၊ထော်လာကျီ(၄)စီး၊ မော်တော် ဆိုင်ကယ် (၃၄)စီး ရှိပါသည်။

ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်ပြီး ကျေးလက်ဦးစီးဌာန၏ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းအဖြစ်ကို ကျေးရွာလူထုမှကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောကြောင့် အဆင်ပြေစွာသွားလာနိုင်အောင်ဆောင်ရွက်နိုင်ပါသည်။ မြေသား

လမ်းများမှာ မိုးတွင်းကာလများတွင် လမ်းပေါ်ဗွက်များ၊ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာမီးလင်းရေးအတွက်မိမိတို့ဝယ်ယူထားသောကိုယ်ပိုင်ဆိုလာမီးသုံးစွဲနေသော အိမ်ခြေ (၆၉)လုံးနှင့် ဒီဇယ်အင်ဂျင်ဖြင့်မီးအသုံးပြုနေသော အိမ်ခြေ(၁)လုံးရှိပြီး မီးလင်းရေးအတွက်အဆင် ပြေပါသည်။ ကျေးရွာသည်လျှပ်စစ်မီးလိုင်းနှင့်နီးကပ်သော်လည်း လျှပ်စစ်မီးမရရှိသေးပါ။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၉၆)လုံး၊ ရေဒီယို (၆)လုံးမှ ရရှိသည့်အပြင် Ooredoo, MPT, Mytel, Telenor ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

ရေလဲကြီးကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်းရှိပြီး ကျေးရွာမှ မူလတန်း ကျောင်းသား/သူ လေးများ ပညာသင်ကြားလျှက်ရှိပါသည်။ အထက်တန်း ကျောင်းသား/သူ များမှာ (၂.၅) မိုင် ခန့်ကွာဝေးသော မရမ်းကျေးရွာ သို့ သွားရောက်ပညာသင် ကြားကြရပါသည်။ ကျေးရွာရှိ မူလတန်းကျောင်းမှာ ၁၈၀၀ စတုရန်းပေ ခန့်ရှိပြီး ကျောင်းသား/ကျောင်း သူများ ပညာသင်ကြား နိုင်ရန်အတွက် ကျောင်းသုံးပစ္စည်းများ လိုအပ်လျှက်ရှိပါသည်။ ကျွန်တော်တို့ ကျေးရွာမူလတန်း ကျောင်းတွင် အစိုးရခန့် ဆရာမ ( ) ဦးပညာသင်ကြားပေးလျှက်ရှိပြီး ကျောင်းသား / သူ အချိုးနှင့် ညီမျှမှု ရှိပါသည်။ သွားလာရာ တွင်ခြေလျင်၊ စက်ဘီး၊ဆိုင်ကယ်တို့ဖြင့် သွားရောက်ပညာသင် ကြားရပြီး မိုးရာသီတွင်လမ်းများ မကောင်းသောကြောင့်သွားလာရခက်ခဲနေပါသည်။

ကျေးရွာတွင် မူလတန်းအဆင့်စာတက်မြောက်သည့်လူဦးရေမှာ(၃၉)ရာခိုင်နှုန်း အထိသာ ရှိခြင်းနှင့် အလယ်တန်းအဆင့်စာတက်မြောက်သူများမှာ (၂၃)ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတက်မြောက်သူများမှာ (၁၇)ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတက်မြောက်သူမှာ (၃) ရာခိုင်နှုန်းတို့ရှိခြင်းကြောင့် ကျေးရွာရှိပညာတတ်မြောက်မှုအခြေအနေမှာအနည်းငယ်သာရှိပါသည်။

၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက (၉)မိုင်ကွာဝေးသော ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံ တွင်သွားရောက်ကုသမှုခံယူရပါသည်။ အသေးစားကျန်းမာရေးနှင့်ဆိုင်သော ကုသမှုများအတွက် (၁)မိုင်ခန့်ကွာဝေးသော ဝဲဒေါင့်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် သွားရောက်ကုသရပါသည်။ အရေးပေါ်လူနာများအတွက်လည်း ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ ဆေးရုံသို့သွားရောက် ပြသကြပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း ထားရှိရန်လိုအပ်ပါသည်။

အိမ်ခြေအများစုတွင်လက်နှိပ်တုံကင်များရှိသော်လည်း သောက်သုံးရေအဖြစ်သုံးစွဲရန် သန့်ရှင်းမှုမရှိပါ။ ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ (၉၄) အိမ်ရှိပြီး တစ်ရွာလုံး ယင်လုံအိမ်သာသုံးစွဲကြပြီး ယင်လုံအိမ်သာဆောက်လုပ်ရာတွင် ဝါးနှင့်ထရံကာဆောက်လုပ်ထား သဖြင့် ကုန်ကျစရိတ်နည်းပါးပါသည်။ အိမ်တိုင်းစေ့ယင်လုံအိမ်သာဆောက်လုပ်ကြရန်ကျန်းမာရေး အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း၏အကျိုးကျေးဇူးများဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ရေလဲကြီးကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ၊ အနည်းငယ်ရှိပြီး၊ အိမ်ထောင်စုများမှစားသုံးရန် ထမင်း၊ဟင်းများချက်ပြုတ်ရန်ထင်းများ ခုတ်ယူသုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုများအနည်းငယ်ရှိပါသည်။ တိရစ္ဆာန်ရောဂါများသည့် ရာသီ ကူးပြောင်းမှုများတွင် ကြက်၊ဝက်၊တုပ်ကွေးရောဂါများ ဖြစ်ပွားမှုအနည်းငယ် ရှိပါသည်။

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ရေလဲကြီးကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသမီးနှင့်အမျိုးသားဦးရေကွာခြားမှု မရှိပါ။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ တစ်နေ့လျှင်လုပ်အားခ ကျား(၁၈၀၀၀) ကျပ်၊ မ (၁၅၀၀၀) ကျပ် ရရှိပါသည်။ ပန်းရံလက်သမားအလုပ်သမားများလည်း တစ်နေ့လျှင်လုပ်အားခအဖြစ် ကျား(၂၀၀၀၀)နှင့် မ(၁၅၀၀၀)ကျပ်ရရှိပါသည်။ ကျေးရွာရှိအိမ်ထောင်စုပေါင်း (၅)စု လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသားနှင့်အမျိုးသမီး ဦးရေတန်းတူဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေ သောအဖွဲ့အစည်းများတွင် ကျား/မ အချိုးညီစွာပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ ၏အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကျေးရွာအလိုက် ဦးစားပေးစီမံချက်များ စာရင်း

စဉ်	ကျေးရွာ	ကဏ္ဍအမည်	စီမံချက်	ဦးစားပေးအဆင့်	အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့အစည်း	မှတ်ချက်
၁	ရေလဲကြီး	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း	၁	ကျေးလက်ဦးစီး/ ကျေးရွာ	
၂	ရေလဲကြီး	မီးလင်းရေး	(၄၀၀) ဗို့ခေတ်အားလိုင်း လျှပ်စစ်မီးသွယ်တန်းခြင်း	၂	EPC/ ကျေးရွာ	
၃	ရေလဲကြီး	အခြေခံအဆောက်အဦ	ရေလဲကြီး-နဲ့ဟထုံးမြောက် ကျေးရွာချင်းချိတ်ဆက်လမ်း ခင်းခြင်း	၃	ကျေးလက်လမ်း	
၄	ရေလဲကြီး	သက်/မွေး	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်း (လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်းသင်တန်း)	၄	ကျေးလက်ဦးစီး	
၅	ရေလဲကြီး	သက်/မွေး	အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်လှစ်ခြင်း (အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း)	၅	ကျေးလက်ဦးစီး	

နောက်ဆက်တွဲ(၁)

ဝဲဒေါင့်ကျေးရွာအုပ်စု၊ ရေလဲကြီးကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	ကော်မတီဝင်အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်စိုးဦး	ဦးခေါင်ကြီး	၁၄/ပတန(နိုင်)၂၁၅၁၇၀		ဥက္ကဋ္ဌ	၀၉-၄၀၃၉၁၆၆၆၈
၂	စောအယ်ကိုလို	ဦးကျော်ဝင်း	၁၄/ပတန(နိုင်)၁၄၄၂၆၂		ဥက္ကဋ္ဌ(ဝယ်ယူရေးဆပ်ကော်မတီ)	
၃	စောစေးသော	ဦးစောလိုပလဲ	၁၄/ပတန(နိုင်)၁၇၄၉၆၁		အဖွဲ့ဝင်	၀၉-၄၄၅၃၉၇၈၇၉
၄	နော်စေးရီဖော	ဦးစောရေမယ်	၁၄/ပတန(နိုင်)၂၁၁၇၂၅		ဘဏ္ဍာရေးမှူး(ဝယ်ယူရေးဆပ်ကော်မတီ)	၀၉-၆၆၀၉၂၄၉၅၇
၅	နော်သလေးလား	ဦးစောလာထူး	၁၄/ပတန(နိုင်)၁၁၅၇၁၅		စာရင်းကိုင်(ဝယ်ယူရေးဆပ်ကော်မတီ)	၀၉-၆၇၁၄၂၄၉၆၈
၆	နော်ပွဲစေး	ဦးဆာကပေါ	၁၄/ပတန(နိုင်)၁၅၇၁၀၁		အဖွဲ့ဝင်	
၇	စောဝေခူ	ဦးစောဒိုဝါး	၁၄/ပတန(နိုင်)၁၉၈၇၀၄		အတွင်းရေးမှူး	၀၉-၆၆၈၃၀၈၇၅၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်		၂	၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၈	၁၀	၁၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၂	၁၃	၂၅		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၂	၁၃	၂၅		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၆	၁၄၃	၂၆၉		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၆	၂	၁၈		
စုစုပေါင်း		၁၇၄	၁၈၃	၃၅၇		
စုစုပေါင်း အိမ်ထောင်စု		(၉၄)အိမ်ထောင်စု				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၉၄) အိမ်ထောင်စုရှိပြီး ၄င်းအိမ်ထောင်စု လူဦးရေမှာ(၃၆၀)ဦးရှိပါသည်။ ၄င်းလူဦးရေတွင် (ကျား) ၁၇၄ဦး ရှိပြီး (မ) ဦးရေ ၁၈၆ဦး ရှိပါသည်။ ကျေးရွာအတွင်း၌အလုပ်လုပ်နိုင်သူဦးရေမှာ (၂၇၂)ဦးရှိပြီး ကျေးရွာ၏ စုစုပေါင်း လူဦးရေ (၇၅) ရာခိုင်နှုန်းရှိကာ မှီခိုသူဦးရေနည်းပါးပါသည်။ သက်ကြီးရွယ်ကြီး ဦးရေမှာ ကျေးရွာရှိ လူဦးရေ၏ (၅) ရာခိုင်နှုန်း သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်း များ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည် နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုး သမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင် လုပ်ငန်း	၅၅	၁၅၉					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သ မား / ဝန်ထမ်း							မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင် လုပ်ငန်း	၁၅	၁၅					မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သ မား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သ မား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သ မား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သ မား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သ မား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သ မား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							

စဉ်	လုပ်ငန်း များ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည် နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုး သမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သ မား / ဝန်ထမ်း	၅	၁၅					မြင့် □ လတ်☑ နိမ့် □
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							

စဉ်	လုပ်ငန်း များ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည် နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုး သမီး ဦးဆောင် သည့်အိမ် ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်☑ နိမ့် □
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂၉	၈၃					
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ□နိမ့် □
	စုစုပေါင်း	၉၄	၂၇၂					☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/

ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင်ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။ လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၆၀)စုရှိပြီး မိသားစုဝင်လုပ်အား(၁၇၄)ဦးဖြင့်လုပ်ကိုင်ကြပါသည်။ ဝင်ငွေအားဖြင့် အသင့်အတင့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော စပါးနှင့်ပဲကို အဓိကစိုက်ပျိုးကြပါသည်။ ကျန်အိမ်ထောင်စု(၃၄)စုမှာ လက်လုပ်လက်စား ၊ပန်းရံနှင့်ကျပန်းလုပ်ကိုင်သူများနှင့် ဝန်ထမ်းများ ဖြစ်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၈၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၀၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ယောကျ်ားလေးများ၏ အများဆုံးတနေ့လုပ်အားခမှာ (၂၀၀၀၀)ကျပ်ဖြစ်ပြီး၊ အနည်းဆုံး တစ်နေ့လုပ်အားခမှာ (၁၅၀၀၀)ကျပ်ဖြစ်ပါသည်။ မိန်းကလေးများမှာလဲ ယောကျ်ားလေးများတန်းတူ လုပ်အားခ မရရှိကြသည်ကို တွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၆၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၁၆၀**	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ ရေလဲကြီးကျေးရွာတွင် လယ်မြေဧက(၁၆၀)ဧကရှိပြီး လူအများစု မှာ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းလုပ်ကိုင်ကြပြီး ငရုတ်၊ ပဲကိုလည်းစိုက်ပျိုးကြောင်းတွေ့ရှိရပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ရေနံ၊ကျောက် မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် နည်း ☑ မရှိ ☐	လွယ် ☐ခက် ☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ရေလဲကြီးကျေးရွာပတ်ဝန်းကျင်တွင် ကျောက်၊သဲ၊ကျောက်စရစ် အခြားသတ္တုနှင့်တွင်းထွက်ပစ္စည်းများမထွက်ရှိပါ။ ဆေးဖက်ဝင်အပင်များအနည်းအကျဉ်းရှိသော်လည်း အသုံးပြုမှုနည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ)အလွန်ကောင်း	စီးပွား (ဝင်ငွေ)အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ)အလွန်နည်း
အိမ်ထောင်စု	၁၉	၃၁	၂၄	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အလယ်အလတ်ရှိသောအိမ်ထောင်စုနှင့် မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရသည်။ အိမ်အခြေအနေမှာလည်း အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ်ထောင်စုများသည် အိမ်အခြေအနေညံ့ကြောင်းနှင့် အလွန်အဆင်မပြေသောအိမ်ထောင်စုများတွင် အိမ်အခြေအနေအလွန်ညံ့ကြောင်း ၊မြေယာပိုင်ဆိုင်မှုနှင့် ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃လနှင့်၆လ ကြား ဝမ်းစာဖူလုံမှု	၁၃		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = √ လုပ်အားခကြိုယူ =
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု		-	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု (၉၄)စု ရှိသည့်အနက် ချေးယူသုံးစွဲသည့် အိမ်ထောင်စု(၁၃)စု ရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့် အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စု		

အကြောင်းအရာ	ကျား	မ	ပေါင်း
	အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲ သည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် အလုပ်မလုပ်နိုင်သော သက်ကြီးရွယ်အို များအတွက် ကူညီစောင့်ရှောက်ရန် လိုအပ်သော အိမ်ထောင်စုများ မရှိကြောင်း တွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	√			√		
၂	လျှပ်တပြက်ရေကြီးခြင်း	√			√		
၃	မုန်တိုင်းဒီရေ	√			√		
၄	ဆူနာမီ	√			√		
၅	တိုင်ဖုန်းမုန်တိုင်း	√			√		
၆	လေဆင်နှာမောင်း	√			√		
၇	ငလျင်	√			√		
၈	အပူလှိုင်း	√			√		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၉	စိုက်ပျိုးမြေများတွင်ရေငုံဝင်ရောက်မှု	√			√		
၁၀	အအေးလှိုင်း	√			√		
၁၁	မိုးသီးကြွေကျမှု	√			√		
၁၂	မိုးခေါင်ခြင်း	√			√		
၁၃	တောမီးလောင်ခြင်း	√			√		
၁၄	မြစ်ကမ်းပါးပြိုခြင်း	√			√		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	√			√		
၁၆	မြေပြိုခြင်း	√			√		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		√		√		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		√		√		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		√		√		
၂၀	သစ်တောပြုန်းတီးခြင်း		√		√		
၂၁	ငှက်ဖျားရောဂါ	√			√		
၂၂	တီဘီရောဂါ	√			√		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	√			√		
၂၄	ကပ်ရောဂါ	√			√		
၂၅	ပြည်တွင်းပဋိပက္ခ	√			√		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	√			√		
၂၇	လူကုန်ကူးခြင်း	√			√		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	√			√		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။(ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်မှု အခြေအနေ နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှု လျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		√			√	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	√			√		
၃	ဆင်းရဲသားတောင်သူ	√			√		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	√			√		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှု လျော့နည်းရေး နှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	√			√		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	√			√		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	√			√		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	√			√		
၉	ငါးကန်ပိုင်ရှင်များ	√			√		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		√		√		
၁၁	လူနည်းစုလူမျိုးများ	√			√		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	√			√		
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	√			√		
၁၄	ရွှေတွင်းလုပ်သားများ	√			√		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	√			√		
၁၆	နေရပ်ပြန်အခြေချသူများ	√			√		
၁၇	ရွှေ့ပြောင်းလုပ်သားများ	√			√		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	√			√		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။

ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။
လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင် လက်လုပ်လက်စားကျပန်းများအတွက်သာ ထိခိုက်သက်ရောက်မှု အနည်းငယ်ရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☑၂☐၃☐	၇		၇	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	လူငယ်အဖွဲ့	၁☐၂☑၃☐	၄	၃	၇	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	ဂေါပကအဖွဲ့	၁☐၂☑၃☐	၉		၉	ပညာရေး☐ဘွေကြေး☐ကျန်းမာရေး☐ဘာသာရေး☑စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့ အစည်း အမည်	အမျိုးအ စား(မှန်ရာ တစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၄	အမျိုးသမီးအဖွဲ့	၁☐၂☐၃☑		၁၅	၁၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐သာရေး /နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ သည့်☐
၅	လမ်းကော်မတီ	၁☐၂☐၃☑	၄	၃	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐သာရေး /နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ သည့်☐
၆		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐သာရေး /နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ သည့်☐
၇		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐သာရေး /နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ သည့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့၊လူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ လမ်းကော်မတီအဖွဲ့၊အမျိုးသမီးအဖွဲ့များရှိပါ၍ သာရေး၊ နာရေး၊ လုံခြုံရေး၊ ပညာရေး နှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများကို အသင့်အတင့်ဆောင်ရွက်နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ွေကြေး□ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ မရှိပါကြောင်းလေ့လာ တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၃၉		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၆		ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၇		တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၂		တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၉၄		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုတွင်မြေယာမဲ့အိမ်ထောင်စုများပြားကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝီစိတွင်း	၁၆၀	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☑မရှိ☐ မဖြေဆိုပါ☑	လျော့☐တိုး☐ အပြောင်းအလဲမရှိ☑
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐မရှိ☐ မဖြေဆိုပါ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ☐

စဉ်	အရင်းအမြစ်	ရေသောက် (၎က)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခု ကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ(မှန် ရာတစ်ခုကိုသာရွေး ရန်)
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီအ လိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ □	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်း၎ရိယာတွင် အဝီစိမှ (၁၆၀)ကေအားရေသွင်းနိုင်ပြီး စိုက်ပျိုးရေးအတွက်လုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

၎ယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၁၆၀	တင်း	၅၀	၇၀	၆၀	ဇွန်	ဇူလိုင်	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပဲ	၉၄	တင်း	၈	၁၅	၁၂	အောက်တိုဘာ	နိုဝင်ဘာ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်☑လတ်□နိမ့်□
ငရုတ်	၆၆	ပိဿာ	၁၂၀	၁၈၀	၁၃၀	နိုဝင်ဘာ	ဧပြီ	မြင့်☑လတ်□နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးသော သီးနှံများမှာ စပါး၊ ပဲနှင့် ငရုတ်ကို အဓိကစိုက်ပျိုးပြီး အမြတ်ရရှိနိုင်မှုတွင် အသင့်အတင့်သာရရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၄			၅၁
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၀			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၅			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာလုပ်ငန်းလုပ်ကိုင်သူများပြားသောကြောင့် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအ	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဖေယားဒဂှနှင့်ဒစကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ထား	
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ရသည်☑မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့်အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩ နှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင် ရာဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☑ မထိခိုက်ပါ ☐ မဖြေဆိုပါ☐

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ ဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ကျွန်တော်တို့ကျေးရွာတွင် စပါးစိုက်ပျိုးသည့်တောင်သူများအနေဖြင့်

စပါးအထွက်တိုးသော်လည်း ဈေးရရှိမှုနည်းပါးသောကြောင့် အခက်အခဲရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေထား	မြေဆီဩဇာမကောင်း☐ရာသီဥတုမမှန်☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐လယ်ယာမြေဆုံးရှုံးမှုများသည်☐လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ပလပ်မြေများရှိသည်☐ပလပ်မြေအသင့်အတင့်ရှိသည် ☐မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြား ဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝ	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
နိဆောင်မှုများ	
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☑ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☐ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐အသင့်အတင့်ကျ☑အနည်းငယ်☐မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက် လှမ်းမီမှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်☑လုံးဝမရ☐မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

